mgyoe.com
SAMPLE BOOK
mgyoe.com

ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK



နိုင်ငံတကာအသိပညာလမ်းကြောင်း TREND တွေ၊
အတွေးအခေါ်လမ်းကြောင်းတွေ၊ ပညာရေးလမ်းကြောင်းတွေ၊
အနုပညာဖန်တီးမှုလမ်းကြောင်းတွေ ဘယ်လိုရှိတယ်၊
ဘယ်လိုပွားနေတယ်၊ ဘယ်ကိုသွားနေတယ်ဆိုတာ မသိဘူး။
အထက်က ပြောခဲ့သလို အခြားယဉ်ကျေးမှုတွေ၊ အတွေးအခေါ်တွေ
ဘာမှအဝင်မခံဘူး။ တင်းတင်းကျပ်ကျပ် တားဆီးဖို့
ကြိုးစားတယ်။ အစဉ်အလာရခဲ့တဲ့ မိမိရဲ့ ယဉ်ကျေးမှုတန်ဖိုးတွေကို
ထပ်ကာတလဲလဲ "သ" နေတတ်တယ်။
အဲဒီလို မိမိဘာသာ ပိတ်ဆို့ထားလို့၊
ကမ္ဘာမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မသိလို့
အချိန်ကြာလာတာနဲ့အမျှ ခေတ်နောက်ကျသည်ထက်
နောက်ကျလာတယ်။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဆုတ်ယုတ်လျော့ပါးရာက
ရပ်ဆိုင်းတဲ့အထိ ဖြစ်လာတယ်။ အင်မတန် အန္တရာယ်ကြီးပါတယ်။

ဇော်ဇော်အောင်

အာဒေယဝါကျများ

ISBN 9789997137180
ZZA30
9 789997 137180
MMK 7,000.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

စာပေဝါကျများ

(ဝေါဟာရနှင့် အယူအဆအချို့)

ဇော်ဇော်အောင်

ဒုတိယအကြိမ်၊ ၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

စာပေဝါကျမျာ။ ဇော်ဇော်အောင်
စာမျက်နှာ ၁၀၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁၊ သုံးပွင့်ညီညာစာပေ၏ ပထမအကြိမ်မှ

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com SAMPLE BOOK

ကွယ်လွန်သူ နောင်တော်ကြီး
မောင်စံဖော်... သို့။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ

- ပထမအကြိမ်ထုတ်မှ စာရေးသူ၏ အမှာ ၁၁

၁။ AFFECTIVE CRITICISM/အကျိုးဆက်ဝေဖန်ရေး ၁၅
၂။ AFFECTIVE MEANING/ခံစားချက်ပြအဓိပ္ပာယ် ၁၇
၃။ ANTI-LANGUAGE/ပဋိဘာသာစကား ၁၈
၄။ ALLEGORY/တင်စားချက် ဇာတ်လမ်းပုံပြင် ၁၉
၅။ AMBIGUITY/အဓိပ္ပာယ်နှစ်ခုထွက်ဂုဏ်၊ ဒေါသ ၂၀
၆။ ASSOCIATIVE MEANING/တွဲဖက်အနက် ၂၃
၇။ ANTAGONIST/လူကြမ်း ၂၄
၈။ ANTI-HERO/ပဋိဇာတ်လိုက် ၂၄
၉။ ANTI-INTENTIONALIST APPROACH/
ရည်ရွယ်ချက် ဆန့်ကျင်ရေးဝေဖန်ရေးနည်း ၂၅
၁၀။ ACCEPTABILITY/လက်ခံနိုင်မှု ၂၆

mgyoe.com

mgyoe.com SAMPLE BOOK

၁၁။ ARGOT/ ရှေးခေတ်ဗန်းစကား ၂၇
၁၂။ AUTHOR/ စာရေးဆရာ၊ စာရေးသူ ၂၈
၁၃။ BEAT GENERATION/ ဘိ မျိုးဆက်ကဗျာဆရာများ ၃၃
၁၄။ BRICOLAGE/ စပ်ထည်အရေးအသား ၃၄
၁၅။ CARNIVAL/ ပွဲတော်ကြီး တန်ပြန်ယဉ်ကျေးမှု ၃၅
၁၆။ CLOSED TEXT/ အပိတ်စာသား ၃၆
၁၇။ CONNOTATION/CONNOTATIVE MEANING/
ဂယက်အနက် ၃၇
၁၈။ COHERENCE/COHESION ဆက်စပ်ပြေပြစ်မှု ၃၈
၁၉။ CLASSIC/ ဂန္ထဝင် ၃၉
၂၀။ CLASSIC (IN CRITICISM)/ ဂန္ထဝင်ဝါဒ (ဝေဖန်ရေး) ၃၉
၂၁။ CUBIST POETRY/ ကျူးဗစ်ကဗျာ ၄၀
၂၂။ CONCRETE POETRY/ ပုံစံတူကဗျာ ၄၀
၂၃။ CATHARSIS/ ခံစားမှု စွန့်ထုတ်သန့်စင်ခြင်း ၄၂
၂၄။ CANON/ စာကြီးပေကြီး ၄၃
၂၅။ CATASTROPHE/ အလွမ်းဇာတ်သိမ်းခန်း ၄၅
၂၆။ DENOUEMENT/ ဇာတ်သိမ်းခန်း ၄၅
၂၇။ DENOTATION/DENOTATIVE MEANING/
သာမန်အနက် ၄၇
၂၈။ GAP/ ကွက်လပ်သဘောတရား ၄၇
၂၉။ GAP/ ကွက်လပ်သဘောတရား
နောက်ဆက်တွဲမှတ်ချက် ၅၂
၃၀။ LIBERAL ARTS/ လစ်ဘရယ်ပညာရပ်များ ၅၅
၃၁။ NIHILISM/ နတ္ထိဝါဒ ၅၇
၃၂။ ANARCHISM/ မင်းမဲ့ဝါဒ ၆၁
၃၃။ CULTURAL RELATIVISM/ ယဉ်ကျေးမှုသမ္မုတိဝါဒ ၆၃
mgyoe.com

mgyoe.com SAMPLE BOOK

၃၄။ CULTURAL PLURALISM/ယဥ်ကျေးမှုဗဟုဝါဒ ၆၄
၃၅။ ETHNOCENTRISM/ယဥ်ကျေးမှုအတ္တဗဟိုချက်ဝါဒ ၆၅
၃၆။ MULTICULTURE/ယဥ်ကျေးမှုများရောနှောခြင်း ၆၆
၃၇။ CLOSE SYSTEMS OF CULTURE/
ယဥ်ကျေးမှုအပိတ်စနစ်များ ၆၉
၃၈။ IMAGE/နိမိတ်ပုံ ၇၁
၃၉။ CHARACTER/ဇာတ်ဆောင်/စရိုက် ၇၆
၄၀။ သာမန်ဇာတ်ဆောင်များ ၈၀
၄၁။ ANTI-HERO/ပဋိဇာတ်လိုက် ၈၂
၄၂။ လူကြမ်းဇာတ်လိုက် ၈၃
၄၃။ CANCELLED CHARACTER/ပယ်ဖျက်ဇာတ်ဆောင် ၈၄
၄၄။ ERASED CHARACTER/ပယ်ဖျက်ဇာတ်ဆောင် ၈၄
၄၅။ CHARACTER ZONE/ဇာတ်ဆောင်ဇုန် ၈၅
၄၆။ ROUND/FLAT CHARACTER/စရိုက်သေ/ရှင် ၈၅
၄၇။ CHARACTERIZATION/ဇာတ်ဆောင် ၈၆
၄၈။ BLOCK CHARACTERIZATION/
တိုက်ရိုက် တုံးတိဇာတ်ဆောင် သရုပ်ဖော်မှု ၈၇
၄၉။ STORY/PLOT ဇာတ်ကြောင်း/ဇာတ်လမ်းဇာတ်ကွက် ၉၂
၅၀။ EVENT/အဖြစ်အပျက် ၉၄
၅၁။ IN MEDIAS RES/ဇာတ်လမ်းကြားဖောက်အဖွင့် ၉၄
၅၂။ ANACHRONY/ဇာတ်အစဉ်ဖောက်ပြန်ခြင်း ၉၅
၅၃။ ANALEPSIS/နောက်ကြောင်းပြန်ခြင်း ၉၆
၅၄။ PROLEPSIS/ကြိုပြောခြင်း ၉၆
၅၅။ FREYTAG'S PYRAMID/
ဖရေးတာက်၏ ပိရမစ် (တြိဂံ ?) ၉၆
mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စာရေးဆရာ၏ ရည်ရွယ်ချက်ဆိုသည်မှာ ပြောရခက်သော
ကိစ္စဖြစ်သည်။ စာရေးသူထားရှိသော ရည်ရွယ်ချက်ကို
စာဖတ်သူများက ဘဝင်ကျကျသိရှိနားလည်
လက်ခံသည်ထားပါဦး။ သူ တကယ်ရေးသောစာက
အဓိပ္ပာယ်ပြည့်ဝမှ၊ ကောင်းမွန်မှ
စာပေအရာဝင်ပေလိမ့်မည်။
စာရေးဆရာက လောကကြီးအတွက် အကောင်းဆုံး
စေတနာထား၍ ရေးမည်ဟု သူ့ရည်ရွယ်ချက်ကို
ထုတ်ဖော်ပြောကြသည့်တိုင်အောင်
သူ ရေးသောစာကကောင်းပါမှ၊ သူ့စာက ညံ့နေလျှင်
သူမည်သို့ ရည်ရွယ်စေကာမူလည်း စာကို ကောင်းသည်ဟု
ပြော၍မရနိုင်။ အလွယ်ဆုံးပြောရလျှင်
စာတကယ်ကောင်းမှ ကောင်းသည်ဟု ပြောနိုင်လိမ့်မည်။
ရည်ရွယ်ချက်ကောင်းကာမျှဖြင့် စာကောင်းသည်ဟု
အာမခံချက် မပေးနိုင်။ ထို့ကြောင့်
ရည်ရွယ်ချက်ဆိုသောအရာကို စာကောင်း၊ မကောင်း
အကဲခတ်သော ဝေဖန်ရေးကိစ္စတွင် ထည့်သွင်းစဉ်းစားဖို့
မလိုအပ်... ဟူသော အယူအဆသည် ...

mgyoe.com

mgyoe.com
SAMPLE BOOK

ဝတ္ထုမှာ HERO ဆိုတာ
ဇာတ်ဆောင် CHARACTER ပါပဲ။ ဒါပေမဲ့ သူက
ဘာထူးခြားသလဲဆိုတာ လူတစ်ယောက်မှာရှိတဲ့၊ ရှိသင့်တဲ့
အရည်အချင်းတွေမှာ အကောင်းဆုံးဆိုတာချည်းပဲ
သူ့မှာရှိတယ်။ ဆိုပါတော့ ရုပ်ချောတယ်၊
သဘောကောင်းတယ်၊ ပစ္စည်းဥစ္စာ သိပ်ကြွယ်ဝတယ်။
အားကစားဘက်မှာ ထူးချွန်တယ်၊ ဂီတပညာမှာလည်း
ထူးချွန်တယ်၊ ကရာတေးတွေ၊ ဂူရှူးတွေလည်း တတ်တယ်၊
ပညာကလည်း သိပ်ထူးချွန်တယ် ...
အဲဒီလို အကောင်းတွေ စုနေတဲ့သဘောဟာ
HERO ရဲ့သဘောပဲ။ အဲဒီ HERO ကို ဇာတ်လိုက်လို့
သတ်မှတ်ခေါ်ဝေါ်ချင်ပါတယ်။
အခုပြောမယ့် ANTIHERO က...
အဲဒါတွေအားလုံးရဲ့ ပြောင်းပြန်၊ အဲဒီအရည်အချင်းတွေ
အားလုံးရဲ့ ပြောင်းပြန်ပဲ။ ဆိုပါတော့
အရုပ်ဆိုးတယ်၊ လူတောမတိုးဘူး၊ ပညာမတတ်ဘူး၊
အများအလယ်မှာ လှောင်ပြောင်စရာ သတ္တဝါလို၊
သနားစရာ သတ္တဝါလို၊ ဘာမှ စာဖွဲ့လောက်တဲ့သူ
မဟုတ်ဘူး။ ဒါပေမဲ့... စာဖတ်သူက
နှစ်သက်သဘောကျတယ်။ စာဖတ်သူက
ဒီဝတ္ထုထဲမှာ သူ့ကိုသနားပြီး ကရုဏာသက်နေတယ်။
အဲဒီလို ဇာတ်လိုက်, "ပဋိဇာတ်လိုက်" လို့ပဲ
ပြန်ဆိုထားပါတယ်။
ဆရာကြီး မောင်ထင်ရဲ့ "ဘေ." ဟာ
ပဋိဇာတ်လိုက် ဟုတ် မဟုတ်...

mgyoe.com

mgyoe.com SAMPLE BOOK

AMBIGUITY ဟာ စာသားရှင်းလင်းမှု၊
အဓိပ္ပာယ်ရှင်းလင်းမှုကို အနှောင့်အယှက်ပေးတဲ့
ဒေါသတစ်ခု၊ အပြစ်တစ်ခု၊ (FAULT) လို့ ယူဆရင်လည်း
ရပါတယ်။ မြန်မာအလင်္ကာစကားအရ
ဒေါသလို့ ခေါ်နိုင်ပါတယ်။
ဒါပေမဲ့ တစ်ဖက်ကကြည့်ရင် ကဗျာဝတ္ထု စတဲ့
အနုပညာတွေမှာ၊ စာပေစာသားတွေမှာ
တမင်အဓိပ္ပာယ်နှစ်ခွထွက်တဲ့
စကားလုံးတွေ သုံးတတ်ကြတယ်။
တမင်သုံးလိုက်တော့ ပိုလေးနက်လာတဲ့အခါတွေ ရှိတယ်။
ပိုပြီး အဓိပ္ပာယ်ပေါ်လွင် သိပ်သည်းလာတာတွေ
ရှိတယ်။ ပိုပြီး ထိမိလာတာတွေ ရှိတယ်။
အဲဒီလို စာပေစာသား၊ အထူးသဖြင့်
ကဗျာစာသားမှာ တွေ့ရတဲ့ နှစ်ခွထွက်စကားတွေဟာ
မြန်မာအလင်္ကာ စကားအရပြောရရင်
ဂုဏ်တွေဖြစ်ပါတယ်။
ဒါကြောင့် ဒီမှာ အဓိပ္ပာယ်နှစ်ခွထွက်
ဂုဏ်/ဒေါသလို့ နှစ်ခွပြန်ဆိုထား ...

mgyoe.com

mgyoe.com
SAMPLE BOOK

ပေးပါ ချမ်းသောရေတစ်ခွက် ကျွန်ုပ်ထံ
ဤဘဲဥကို ဖွင့်လှစ်လိုက်ပါ။
ရေအေးအေးတစ်ခွက်တောင်းတာ၊ ဘဲဥအခွံခွာခိုင်းတာပါပဲ။
နိုင်ငံခြားသားတစ်ယောက်က ပြောတယ်ဆိုရင်
သဘောပေါက်နိုင်တယ်။ အဓိပ္ပာယ်ရတယ်။

ခွေး ခွေး မင်း ငါ ခွေး ခွေး မင်း ငါ...
ပြောတဲ့သူက သိပ်စိတ်ဆိုးနေတယ်။
ဝါကျကို ပြီးအောင် မပြောနိုင်ဘူး။
မင်းဟာ ခွေးလိုမိုက်တဲ့ကောင်ပဲ၊ မင်းကို ငါ သတ်ချင်တယ်၊
ရိုက်ချင်တယ် စသည့် အဓိပ္ပာယ်တွေ ဖြစ်ပေါ်နိုင်တယ်။
စာပေဘာသာစကား၊ ကဗျာဘာသာစကားတွေမှာ
"စံသွေမှု Deviation" တွေရှိတယ်။ သဒ္ဒါစည်းကို
ချိုးဖျက်တာတွေ၊ သဒ္ဒါကို လှန်ပစ်လိုက်တာတွေ ရှိတယ်။
နောက်ပိုင်းပေါ်တဲ့ မော်ဒန်ဝတ္ထုစာသား၊
ကဗျာစာသားတွေမှာ တွေ့ရတတ်တယ်။
ဒါကြောင့် လက်ခံနိုင်မှုဟာ သဒ္ဒါနည်းကျမှုနဲ့ ဆက်နေပေမဲ့
တစ်ခါတစ်ရံမှာ သဒ္ဒါနည်း မကျပေမဲ့
လက်ခံနိုင်တာတွေ ရှိတတ် ...

mgyoe.com

mgyoe.com SAMPLE BOOK

စာရေးသူ၏အမှာ

ဤ 'စာပေဝါကျများ' ကို ယခင်က စတိုင်သစ်မဂ္ဂဇင်းတွင် လအတော်ကြာ အခန်းဆက် ထည့်သွင်းဖော်ပြခဲ့သည်။ ထို့အတွက် စတိုင်သစ်မဂ္ဂဇင်းကို ကျေးဇူးတင်ပါသည်။ ယခု ထိုဝါကျများကို အကျအပေါက် အနည်းငယ်မျှ ပြင်ဆင်သည်မှလွဲ၍ တစ်စုံတစ်ရာ မပြောင်းလဲဘဲ ထပ်မံ ပုံနှိပ်ပါသည်။

*

လက်ရင်းထား၍ ကိုးကားသော ကျမ်းများမှာ...

၁/ JEREMY HAWTHORN, "A GLOSSARY OF CONTEMPORARY LITERARY THEORY", ARNOLD. 1998.

၂/ CHRIS BALDICK, "OXFORD CONCISE DICTIONARY OF LITERARY TERMS", OUP.2001.

၃/ JOHN PECK and MARTIN COYLE: "LITERARY TERMS AND CRITICISM".

mgyoe.com

mgyoe.com SAMPLE BOOK

PALGRAVE; 2002.

၄/ FRANK LENTRICCHIA & THOMAS MCLAUGHLIN, (EDS) CRITICAL TERMS FOR LITERARY STUDY", U. CHICAGO. P. 1995.

၅/ KATIE WALES, "A DICTIONARY OF STYLISTICS". LONGMAN, 2001.

၆/ ROGER FOWLER(ED)."A DICTIONARY OF MODERN CRITICAL TERMS", ROUTLEDGE & KEGAN PAUL, 1975.

တို့ ဖြစ်ကြသည်။ အချို့ဝေါဟာရနှင့် အယူအဆများတွင် ကျွန်တော်၏ ထင်မြင်ယူဆချက်များ၊ ဝေဖန်ချက်များကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ ဆိုလိုသည်မှာ မူရင်းကျမ်းများမှ အကြောင်းအရာတို့ကို မြန်မာဘာသာသို့ ပြန်ဆိုပေးရုံသက်သက် မျှမဟုတ်ကြောင်း ဆိုလိုပါသည်။ ထိုအတွက်ကြောင့် အမှန်အမှား အတိမ်းအစောင်းရှိပါက ကျွန်တော့်တာဝန်သာ ဖြစ်ပါသည်။

*

ကျေးဇူးစကားဆိုဖွယ်ရှိသည်များကို ဆိုရပါမည်။ ရွှေတွေ၊ စိန်တွေ အသာထား၊ ၎င်းတို့ထက်ရှားသော စာအုပ်စာတမ်းများကို ဖြည့်ဆည်းပေးကြသည့် ကျွန်တော်နှင့် စာရေးဖော်ရေးဖက်လူငယ်ကလေးများဖြစ်သော 'မင်းခက်ရဲ' နှင့် 'မင်းထက်မိုး' တို့အားလည်းကောင်း၊ ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဧည့်ပါမောက္ခ ဒေါက်တာကိုလေး Ph.D အားလည်းကောင်း၊ ပညာရေးတက္ကသိုလ်၊ မြန်မာစာပါမောက္ခ (ငြိမ်း) ဦးထွန်းသန်းအားလည်းကောင်း ကျေးဇူးတင်ပါသည်။ ဤစာအုပ်ကို ထုတ်ဝေသည့် 'သုံးပွင့်ညီညာစာပေ' မှ လူငယ်များ

mgyoe.com

m.gyoe.com
SAMPLE BOOK

ဖြစ်ကြသော ကိုအောင်နိုင်ဦးနှင့် ကိုသန့်ဇင်ထွန်းတို့၏ စိတ်အား ထက်သန်မှု တွန်းအားကိုလည်း အသိအမှတ်ပြုပါသည်။ နောက်ဆုံးပြောလိုသည်မှာ… ခက်ခဲလေးလံလှသော စားဝတ်နေရေး ရှာဖွေမှု ဝန်ထုပ်ဝန်ပိုးကြီးကို ကျွန်တော့်ပခုံးပေါ်မှာ တင်မပေးဘဲ စက္ကူတစ်ထုပ်၊ ဘောပင်တစ်ထုပ်၊ စားပွဲတစ်လုံးနှင့် စာကိုသာ အာရုံစိုက် ရေးစေသော ကျွန်တော့်မိသားစု၏ ကျေးဇူးပင် ဖြစ်ပါသည်။

စော်စော်အောင်

၁–၉–၂၀၀၆၊ ရန်ကုန်။

m.gyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စာပေဝေါဟာရများ
(ဝေါဟာရနှင့် အယူအဆအချို့)

AFFECTIVE CRITICISM/ အကျိုးသက်ဝေဖန်ရေး

အရေးပါတဲ့ ဝေဖန်ရေးအမျိုးအစားဖြစ်ပါတယ်။ ဖွင့်ဆိုချက် မပေးခင် ဝေါဟာရများကို အရင်ရှင်းရပါမယ်။ ဒါဟာလည်း စာပေလေ့လာမှု၊ စာပေဝေဖန်ရေးတို့မှာ လုပ်ရိုးလုပ်စဉ်ဖြစ်တယ်။ ဆရာများရဲ့ သမားစဉ်အတိုင်းပဲလို့ ပြောရင်လည်း ပြောနိုင်ပါတယ်။ ပထမဆုံး ပြောရမှာက AFFECT ဆိုတဲ့ ဝေါဟာရပါပဲ။ EFFECT ဆိုတာနဲ့ မှားတတ်ကြပါတယ်။ AFFECT ဆိုတာ ကြိယာပါ။ "တစ်စုံတစ်ခုသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေတာ၊ ဖြစ်ပေါ်စေသည်..." လို့ ပြောရပါမယ်။ ဒီမှာတော့... စိတ်လှုပ်ရှားမှု၊ စိတ်ခံစားမှုကို ဖြစ်ပေါ်စေသည်လို့ ပြောရပါမယ်။ EFFECT ဆိုတာ နာမ်ပါ။ "တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်ပေါ်တည်ရှိလာတဲ့ အကျိုးသက်ရောက်မှု" လို့ ပြောလို့ရပါမယ်။ AFFECT လုပ်လိုက်လို့ EFFECT ဖြစ်လာတာ။ AFFECT ဆိုသော အကြောင်းကြောင့် EFFECT ဆိုတဲ့ အကျိုးဖြစ်လာတာ။ AFFECT ဆိုတာ ဖြစ်ပေါ်စေတာ၊ EFFECT ဆိုတာ ဖြစ်ပေါ်လာတဲ့အရာလို့ လွယ်အောင် ပြောနိုင်ပါတယ်။ A နဲ့ E ကွဲပြားဖို့လိုသလို၊ ဖြစ်ပေါ်စေတာနဲ့ ဖြစ်ပေါ်လာတဲ့အရာ

mgyoe.com

mgyoe.com SAMPLE BOOK

ကွဲပြားဖို့လိုပါတယ်။ AFFECTIVE CRITICISM ကို ဆက်သွားပါမယ်။

AFFECTIVE CRITICISM ဆိုတာ (အနုပညာပစ္စည်းတစ်ခု) စာပေအနုပညာတစ်ရပ်လို့ ဝေဖန်အကဲဖြတ်ရာမှာ... ဖတ်သူမှာ ဘယ်လောက် အကျိုးသက်ရောက်မှုရှိသလဲ၊ လိုအပ်တဲ့၊ ဆီလျော်တဲ့ အကျိုးသက်ရောက်မှု ဖတ်သူမှာ ဘယ်လောက်ဖြစ်သလဲ... ဆိုတာကို အဓိကထား အလေးပေး ဝေဖန်အကဲဖြတ်တဲ့ အမျိုးအစားပါပဲ။ အကျိုးသက်ရောက်မှုဆိုရာမှာ ကျွန်တော်တို့ နားယဉ်နေတဲ့ စကားလုံးနဲ့ ပြောရရင်တော့ ခံစားမှုပါပဲ။ ဖတ်သူ ဘယ်လောက်ခံစားရသလဲ၊ ဘယ်လိုခံစားရသလဲ။ အမှန်တကယ် ခံစားနေရ သလား။ ခံစားမှုအနည်းအများပေါ်မှာ မူတည်ပြီး အဲဒီစာကောင်းတယ် မကောင်းဘူး၊ အောင်မြင်တယ် မအောင်မြင်ဘူး ဆုံးဖြတ်ဝေဖန်တာပါပဲ။ စိတ်ခံစားမှုတင်မကဘဲ မျက်ရည်ကျတာတို့၊ ငိုတာတို့၊ ကြက်သီးမွေးညင်းထ တာတို့ဆိုတဲ့ ခန္ဓာကိုယ်လှုပ်ရှားမှုတွေကိုပါ ထည့်တွက်ကြတယ်။ အဲဒီလို အခေါ်အပြောရှိတယ်။ ရှေးရိုးအစဉ်အလာ ဝေဖန်ရေးမှာပါပဲ။ အဲဒါကို မကြိုက်ကြတဲ့ ဝေဖန်ရေးသစ်ဆရာ NEW CRITICS (ဝင်းမ်ဆတ်နဲ့ ဗျတ်စလေ WIMSATT.BEARDSLEY)တို့က အဲဒါကို ဆန့်ကျင်ကြ တယ်။ AFFECTIVE FALLACY အကျိုးဆက်အမှားဆိုပြီး ဝေဖန် တယ်။ ဝေဖန်ရေးသစ် NC ထွန်းကားအားကောင်းစဉ်တုန်းက ဒီဝေဖန်ရေး မျိုး နေရာမပေးခဲ့ဘူး။ ဒါပေမဲ့ လောကဓံတရားလို့ပဲ ပြောမလား။ ဝေဖန်ရေး သစ်ဆရာတွေ ငြင်းပယ်ခဲ့တဲ့ AFFECTIVE CRITICISM က မကြာခင် က ပြန်ထွန်းကားလာတယ်။ ဝေဖန်ရေးသစ်ဟာ စာသားကို အဓိကထား လွန်းတဲ့၊ စာသားဘက်ကို တိမ်းညွှတ်လွန်းတဲ့ ဝေဖန်ရေးဖြစ်လို့ ကျဉ်းမြောင်း တယ်ဆိုပြီး... ပယ်ကြပြန်တယ်။ ဖတ်သူအခါက (ဝါ) ဖတ်သူတုံ့ပြန်မှု READER RESPONSE CRITICISM ထွန်းကားလာတာနဲ့ AFFECTIVE CRITICISM ရဲ့ သဘောတွေဟာ ပြန်လည်ပေါ်ထွက် လာတယ်။ နောက်ပိုင်းမှာ AFFECTIVE STYLISTICS ဆိုတဲ့ ရေးဟန် ပညာရပ်အဖြစ် သီးခြားပေါ်ထွက်လာတယ်။ အဓိက ထင်ရှားသူက... ပါမောက္ခ STANLEY FISH ပါပဲ။ ကျွန်တော်သိသလောက် သူဟာ

mgyoe.com

အမေရိကန်ပြည်ထောင်စု DUKE တက္ကသိုလ်ကပါပဲ။ ဖတ်သူမှာ ဖြစ်ပေါ်လာတဲ့ ခံစားမှုသာမက၊ ဖတ်နေစဉ်အတွင်းမှာ PROCESS OF READING ဖြစ်ပေါ်နေတဲ့ စိတ်အခြေအနေတွေကိုပါ ထည့်သွင်းစဉ်းစား လေ့လာတာကို တွေ့ရပါတယ်။ ဖတ်သူအဓိက READER THEORY သီဝရီများနဲ့ အတူ ထွန်းကားနေပါတယ်။ ဒါပေမဲ့ ဒီဝေဖန်ရေးမျိုးကို ကြိုက်သူတွေရှိသလို မကြိုက်သူတွေကလည်း လက်မခံ။ ဝေဖန်နေကြပါတယ်။

အဲဒီတော့ AFFECTIVE CRITICISM ဆိုတာ ရှိတယ်။ AFFECTIVE STYLISTICS ဆိုတာကလည်း ထွန်းကားနေတယ်လို့ တင်ပြခဲ့ပါတယ်။ "အကျိုးဆက်" လို့ ပြန်တာကတော့ "အကြောင်းရင်း အကျိုးဆက်" ဆိုတဲ့ စကားကို ယူပြီး ပြန်လိုက်တာပါပဲ။ စာဖတ်သူမှာ စာဖတ်ခြင်းဆိုတဲ့ အကြောင်းတရားရဲ့ အဆက်မို့ အကျိုးဆက်လို့ ခေါ်တဲ့ သဘောပါ။ နေရာကျလှတယ်တော့ မဟုတ်ပါဘူး။ ပညာရှင်များ ပြင်ဆင်ကြပါ။

AFFECTIVE MEANING/ခံစားချက်ပြအဓိပ္ပာယ်

ဘာသာဗေဒ LINGUISTICS နယ်က စကားလုံးလို့ ဆိုရပါမယ်။ သဘောကတော့ စကားလုံးတစ်လုံးနဲ့ တွဲဖက်ဆက်စပ်နေတဲ့ ခံစားမှုတွေကို ဖော်ပြတဲ့ အဓိပ္ပာယ်ပါပဲ။ သာမန်အဓိပ္ပာယ်ထက် ပိုတယ်။ ထူးတယ်လို့ မှတ်ယူရပါမယ်။ ဆိုပါတော့ (အိမ်) ဆိုတဲ့ စကားလုံးဟာ သာမန်အဓိပ္ပာယ်ရှိတယ်။ (အမေ့အိမ်) ဆိုတဲ့စကားလုံးမှာ အဓိပ္ပာယ်တွေ ပိုနေတယ်။ ထူးနေတယ်။ အမေကိုချစ်တဲ့စိတ်၊ မိခင်ရဲ့မေတ္တာရိပ်စတာတွေ တွဲဖက်ဆက်စပ်နေတယ်။ ရပ်ဝေးကိုရောက်နေချိန် အမေ့အိမ်ကို လွမ်းတာမျိုးကို ဆင်ခြင်ကြည့်နိုင်ပါတယ်။ အဲဒီစကားလုံးနဲ့ သဘောတူထားပြီး သုံးတဲ့စကားလုံး ရှိပါသေးတယ်။ အဲဒါကတော့ EMOTIVE MEANING ဆိုတဲ့ စကားလုံးပါပဲ။ EMOTION ဆိုတဲ့စကားက လာတာပါ။ ဥပမာအားဖြင့် (အသည်းကလေး၊ အချစ်ကလေး) ဆိုတဲ့ စကားလုံးတွေနဲ့ (ခွေးသား၊ ခွေးမသား) ဆိုတဲ့ ဆဲတဲ့စကားလုံးနဲ့ ကွာတာ သိသာပါတယ်။ အဲဒါတွေဟာ ခံစားချက်ပြ အဓိပ္ပာယ်တွေပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ANTI-LANGUAGE/ပဋိဘာသာစကား

ဘာသာဗေဒပညာရှင်ပါမောက္ခ M.A.K.HALLIDAY စတင်သုံးစွဲတဲ့စကားပါပဲ။ "LANGUAGE AS A SOCIAL SEMIOTIC" ဆိုတဲ့ကျမ်းမှာပါတယ်။ ၁၉၇၈ ခုနှစ်က ထုတ်ဝေခဲ့တယ်။ ပဋိဘာသာစကားဆိုတာ... အထူးထူးအပြားပြားသော ဘာသာစကား အမျိုးမျိုးကို ခေါ်ပါတယ်။ တရုတ်ဘာသာစကား၊ ဂျပန်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား၊ မြန်မာဘာသာစကား စတာမျိုး မဟုတ်ပါဘူး။ လူဆိုးသူခိုးများရဲ့ ဘာသာစကား၊ သဘင်သည်များရဲ့ ဘာသာစကား၊ ကျောင်းသားကျောင်းသူများ ပြောလေ့ရှိတဲ့ ဘာသာစကား စတာတွေကို ဆိုလိုပါတယ်။ သီးခြားအသိုင်းအဝိုင်း၊ သီးခြားအုပ်စုအတွင်းမှာ အချင်းချင်းသာ နားလည်တဲ့ ဘာသာစကားလို့ မှတ်ယူရပါမယ်။ အဲဒါကို "အော်တာနေးတစ် ALTERNATIVE" ဘာသာစကားလို့လည်း ခေါ်ပါတယ်။ သာမန်အားဖြင့်တော့ "ဗန်းစကား" SLANG လို့လည်း ခေါ်နိုင်ပါလိမ့်မယ်။ (မှတ်မှတ်ရရ ကွယ်လွန်သူအဆိုတော် "မင်းမင်းလတ်" က လမ်းပေါ်က ဝေါဟာရများဆိုပြီး စာအုပ်တစ်အုပ် ထုတ်သွားဖူးတယ်။ လေးစားဖို့ကောင်းပါတယ်)။ အခု ကျွန်တော်တို့ နားလည်နေကြတဲ့ (ကြွက်၊ ပရုတ်လုံး၊ ဗိုး) စတာတွေဟာ ပဋိဘာသာစကားတွေပါပဲ။ လက်ဖက်ရည်ကို (ဒေါင်) လို့ ခေါ်တယ်။ ရန်ကုန်မှာ "မုတ်ဆိတ်ဒေါင်ရိပ်သာ" ဆိုရင် ဒီနေ့ လူလတ်ပိုင်းတွေ အကုန်သိကြပါလိမ့်မယ်။ လက်ဖက်ရည်သောက်တာကို (ဒေါင်ရှင်း)တယ်လို့ ပြောတယ်။ (ရှင်း) ဆိုတာ (သောက်) ကြိယာပါပဲ။ အဲဒါကိုပဲ (တီးဂျိုင်း) တယ်လို့ ပြောသေးတယ်။ (TEA) (JOIN) ဒါ လူကြီးပိုင်းရောက်နေတဲ့ ကျွန်တော်သိသလောက် ပြောတာပါ။ ဒီနေ့လူငယ် ကျောင်းသားကျောင်းသူကလေးတွေမှာ သူတို့ကိုယ်ပိုင် သူတို့သီးခြားနားလည်တဲ့ ပဋိဘာသာစကားတွေ ရှိနေမှာပါပဲ။ အလားတူပဲ၊ သဘင်လောက၊ ရုပ်ရှင်ဂီတလောက စသည်ဖြင့် အသိုင်းအဝိုင်းတွေမှာ ရှိမှာ အမှန်ပါပဲ။ ကားပွဲစားလောကမှာ (ဂြိုဟ်တု) ဆိုတဲ့ စကားရှိတယ်လို့ သိရပါတယ်။ အဓိပ္ပာယ်ကတော့ တိုက်ထားတဲ့ကားကို ပြန်လည်မွမ်းမံ ဆေးသုတ်ထားတာကို ခေါ်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့ငယ်ငယ် မိဘများလက်ထက်က ဝက်သားဟင်းကို (ပန်းမြို့င်

mgyoe.com SAMPLE BOOK

လယ်) လို့ခေါ်ကြောင်း ကြားဖူးပါတယ်။ ပန်းမြိုင်လယ်သီချင်းဟာ သိပ်ကောင်းလွန်းလို့ အဆီတစ်ထပ်၊ အသားတစ်ထပ်နဲ့တူတဲ့ ဝက်သားဟင်းနဲ့ ထပ်တူပြုလိုက်တာပါပဲ။ အခုခေတ်ကျတော့ ဝက်သားဟင်းကို တချို့က (ထပ်သရီး) လို့ ခေါ်တယ်။ အထပ်သုံးထပ်ရှိတယ်ပေါ့။ အဲဒီလို ဗန်းစကားတွေ၊ အသုံးထူးတဲ့ သီးခြားဘာသာစကားတွေကို "ပဋိဘာသာစကား" ANTI-LANGUAGE လို့ ခေါ်ပါတယ်။ ယုတ်စွအဆုံး ပြောမယ်ဆိုရင် ချစ်သူချင်းသာ သိနားလည်တဲ့ ရည်းစားစာတွေထဲမှာပါတဲ့ အဓိပ္ပာယ်ဝှက်တဲ့၊ အဓိပ္ပာယ်ထူးတဲ့ စကားလုံးတွေအထိ လေ့လာဖို့ လိုပါမယ်။ "ဘာသာဗေဒ ပညာရှင် LINGUIST တွေ "အတ္ထဗေဒ" SEMANTICS ပညာရှင်တွေ၊ "ရေးဟန်ဗေဒ" STYLISTICS ပညာရှင်တွေ စုပေါင်းပြီး ကျွန်တော်တို့ ဘာသာစကားထဲက ပဋိဘာသာစကားတွေကို ဖော်ထုတ်သုံတေသနပြုကြရင် အကျိုးများနိုင်လိမ့်မယ်လို့ ထင်မိပါတယ်။

ALLEGORY /တင်စားချက် ဇာတ်လမ်းပုံပြင်

ALLEGORY ဆိုတာဟာ ဇာတ်လမ်း၊ သို့မဟုတ် ပုံပြင်၊ သို့မဟုတ် ပုံဝတ္ထုတစ်ခုပါပဲ။ သူ့ကို NARRATIVE တစ်ခုဖြစ်တယ်လို့ ဆိုကြတယ်။ NARRATIVE အကြောင်းက သိပ်ကျယ်ပြန့်လွန်းပါတယ်။ အလှည့်ကျမှ သူ့အကြောင်း ပြောပါမယ်။ အခုတော့ NARRATIVE ဆိုတာ ဇာတ်လမ်း၊ အဖြစ်အပျက်၊ ပုံပြင်ပုံဝတ္ထုလို့ ယေဘုယျခြုံပြီး သတ်မှတ်လိုက်ပါတယ်။ အဲဒီတော့ ALLEGORY ဆိုတာ ဇာတ်လမ်းပုံပြင်တစ်မျိုးဖြစ်တယ်။ ဘယ်လိုဇာတ်လမ်းပုံပြင်မျိုးလဲဆိုတော့ သာမန်အဓိပ္ပာယ်ထက်ပိုတဲ့ တင်စားချက်အဓိပ္ပာယ်တွေ ပါဝင်နေတဲ့ ဇာတ်လမ်းပုံပြင်လို့ ပြောရပါမယ်။ သာမန်အဓိပ္ပာယ်ထက် တစ်ဆင့်တက်ပြီး တွေးယူရတဲ့၊ အဓိပ္ပာယ်တွေ၊ ပွားများတည်ဆောက်ယူရတဲ့ အဓိပ္ပာယ်တွေ ပါဝင်တယ်လို့လည်း ပြောနိုင်ပါတယ်။ အလွယ်ဆုံး နမူနာပြရရင် "ယုန်နဲ့လိပ်ပုံပြင်" ဟာ ALLEGORY ပါပဲ။ အဲဒီပုံပြင်ဇာတ်လမ်းထဲမှာ ဖြစ်ပျက်သွားတာတွေဟာ တခြားသော အဓိပ္ပာယ်တွေကို ရည်ညွှန်းထားတယ်။ တခြားဥပမာတစ်ခု ပြရဦးမယ်ဆိုရင် ကွယ်လွန်သူ ဆရာကြီးမဟာဆွေရဲ့ ဒို့မေမေဝတ္ထုဟာ ကျွန်တော်တို့ လေးစားဦးညွှတ်

mgyoe.com

mgyoe.com SAMPLE BOOK

သင့်တဲ့ ALLEGORY ဝတ္ထုကြီးပါပဲ။ အဲဒီဝတ္ထုဟာ တခြားသော အဓိပ္ပာယ်တွေဖြစ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကို တင်စားရည်ညွှန်းထားတယ်။ အချို့ပညာရှင်များကတော့ ALLEGORY ကို SYMBOLISM "သင်္ကေတပြုခြင်း" နဲ့ ထပ်တူပြု ညွှန်းကြတယ်။ တချို့ကလည်း ALLEGORY ဟာ တင်စားချက်တစ်ခုကိုပဲ ညွှန်းတယ်။ SYMBOL က အများအပြား ညွှန်းတယ်။ ဒါကြောင့် မတူဘူးလို့လည်း ဆိုကြတယ်။ အခြေခံအားဖြင့်တော့ ALLEGORY ဟာ တင်စားတာပဲ။ အလင်္ကာအမျိုးအစားတစ်ခုပဲ။ တစ်စုံတစ်ခုကိုပြောပြီး အခြားတစ်ခုကို ညွှန်းတာ၊ တစ်စုံတစ်ခုကို တိုက်ရိုက်ပြောပြီး အခြားတစ်ခုကို သွယ်ဝိုက်ညွှန်းတာပါပဲ။ ပေါ်လွင်နေတဲ့ အဓိပ္ပာယ်နဲ့ မြှုပ်ထားတဲ့ အဓိပ္ပာယ်လို့လည်း ဆိုနိုင်ပါလိမ့်မယ်။ အခုတော့ "တင်စားချက် ဇာတ်လမ်းပုံပြင်" လို့ ပြန်ထားပါတယ်။ ကျွန်တော်တို့ အစဉ်အလာမှာ ရှိခဲ့တဲ့ ၅၅၀ နိပါတ်တော်တွေဟာ ALLEGORY သဘောသက်ရောက်မှု ရှိ၊ မရှိ စဉ်းစားဆင်ခြင်ကြည့်ကြစေလိုပါတယ်။

AMBIGUITY /အဓိပ္ပာယ်နှစ်ခုထွက်ဂုဏ်၊ ဒွေါသ

AMBIGUITYဆိုတာ အဓိပ္ပာယ်နှစ်မျိုးထွက်တဲ့ စကားလုံး၊ စကားအသုံးအနှုန်း၊ ဝါကျ... စတာတွေကို ခေါ်တယ်။ နှစ်မျိုးဆိုပေမဲ့ တစ်ခါတစ်ရံ နှစ်မျိုးမက၊ အဓိပ္ပာယ်အများကြီး ထွက်တာတွေလည်းရှိတယ်။ (DOUBLE MEANING MULTIPLE MEANING လို့ ခေါ်ပါတယ်) ဒီမှာတော့ နှစ်မျိုးကိုပဲ မူရင်းထားပြီး "အဓိပ္ပာယ်နှစ်ခွထွက်" လို့ပဲ သုံးပါမယ်။ ပညာရှင်များကတော့ AMBIGUITY ဆိုတာ ဘာသာစကားအားလုံးမှာရှိတယ်။ ဘာသာစကားအားလုံးရဲ့ ဝိသေသလက္ခဏာဖြစ်တယ်လို့ ဆိုကြတယ်။ ဘာသာစကားရဲ့ သဘာဝအရ ၁ = ၁ ဆိုတာမျိုး မရှိဘူး။ ဆိုလိုတာက ဒီစကားလုံး (SIGN လို့ခေါ်ပါတယ်) ဟာ ဒီအဓိပ္ပာယ်ရှိတာဆိုတာ ပြောလို့မရနိုင်ဘူး။ ၁ = ၂ လည်း ဖြစ်နိုင်တယ်။ ၁ = ၃ လည်း ဖြစ်နိုင်တယ်။ ဒါကြောင့် AMBIGUITY ဟာ ဘာသာစကားအားလုံးမှာ ရှိတဲ့ လက္ခဏာဖြစ်တယ်လို့ ဆိုကြတာပါပဲ။

mgyoe.com

mgyoe.com

ကဗျာနဲ့ ကဗျာဘာသာစကားမှာတော့ အဲဒီလို "အဓိပ္ပာယ်နှစ်ခွထွက်" တဲ့စကားလုံး၊ စကားအသုံးတွေဟာ လိုလားအပ်တယ်၊ အဲဒီလို စကားလုံးတွေကို နေရာတကျ သုံးနိုင်ခြင်းအားဖြင့် ကဗျာဟာ ပိုကောင်းလာတယ်။ အဓိပ္ပာယ် ပိုပြည့်စုံလာတယ်။ ပိုသိပ်သည်းတဲ့ ခံစားမှုတွေ ပေးနိုင်တယ်လို့လည်း ဆိုပါတယ်။ အဲဒီလို အကောင်းဘက်က ရှုမြင်ပြောကြားခဲ့သူက L.A.RICHARDS ဖြစ်တယ်။ သူ့နောက် သူ့ရဲ့တပည့်ရင်းဖြစ်တဲ့ WILLIAM EMPSON က... နာမည်ကျော်ကြားလှတဲ့ SEVEN TYPES OF AMBIGUITY ကျမ်းကို ပြုစုတယ်။ (အသက် ၂၄ နှစ်မှာ ရေးတဲ့ကျမ်း) ယနေ့ထက်တိုင်အောင် ကိုးကားပြောဆိုနေရတဲ့ စာအုပ်ဖြစ်တယ်။ AMBIGUITY ဆိုတာကိုလည်း ယနေ့အထိ လေ့လာတင်ပြပြောဆိုကြလို့ မပြီးနိုင်သေးပါ။

ဘာသာဗေဒအရ အဲဒီလို အဓိပ္ပာယ် နှစ်ခွထွက်တာမျိုးဟာ LEXICAL အဆင့်စကားလုံးတွေမှာ ရှိတတ်တယ်။ သဒ္ဒါအဆင့် GRAMMATICAL LEVEL မှာ ပုဒ်စု၊ ဝါကျတွေမှာ ရှိတတ်တယ်။ ဘာသာစကားတွေမှာ အဓိပ္ပာယ်တစ်မျိုးမကရှိတဲ့ စကားလုံးတွေ ရှိတယ်။ POLYSEMY လို့ ခေါ်ပါတယ်။ ဘယ်ဘာသာစကားမှာမဆို အများကြီး ရှိတတ်တယ်။ အဲဒီလို စကားလုံးမျိုးတွေက AMBIGUITY ပေါ်ထွက်လာစေပါတယ်။ နမူနာတချို့ တင်ပြသွားပါမယ်။

Free Hong Kong

အဓိပ္ပာယ်နှစ်မျိုးထွက်တယ်။ ၁/ လွတ်လပ်သောဟောင်ကောင်၊ ၂/ ဟောင်ကောင်ကို လွတ်လပ်ခွင့်ပေး (အုပ်ချုပ်မထားနဲ့)။ ပထမ အဓိပ္ပာယ်အရ FREE ဆိုတဲ့ စကားလုံးဟာ နာမဝိသေသန၊ နာမ်အထူးပြုဖြစ်တယ်။ ဒုတိယအဓိပ္ပာယ်အရ FREE ဆိုတဲ့ စကားလုံးဟာ ကြိယာဖြစ်တယ်။ သဒ္ဒါအရ နာမ်အထူးပြုနဲ့ ကြိယာရယ်လို့ ကွဲတာကြောင့် အဓိပ္ပာယ်နှစ်ခု ထွက်ရတယ်။ နောက်နမူနာတစ်ခု ပြပါမယ်။

ရုပ်ရှင်နဲ့သဘင် အနုပညာသည်တစ်ယောက်ရဲ့ စကားတစ်ခွန်း (ပြက်လုံးတစ်လုံး) ကြားဖူးတယ်။

mgyoe.com

mgyoe.com

မှန်တိုင်းမကောင်းဘူး

ဒါဟာ AMBIGUITY နမူနာကောင်းတစ်ခုပါပဲ။ ကြည့်မှန်ရောင်းတဲ့ဆိုင်မှာ မှန်ဝယ်သူနဲ့ မှန်ဆိုင်ရှင် စကားပြောရာမှ အဓိပ္ပာယ်တစ်မျိုးထွက်ပါတယ်။ တခြားလောက အရေးအရာကိစ္စတွေမှာ အဓိပ္ပာယ်တစ်မျိုးရပါလိမ့်မယ်။ ဒီမှာလည်း ပထမမှန်ဟာ နာမ်၊ ဒုတိယမှန်ဟာ ကြိယာ...။ နောက် နမူနာတစ်ခုပြပါမယ်။

I Need New Glasses

မျက်စိမှုန်လို့ မျက်မှန်ပါဝါထပ်တိုးဖို့လိုတဲ့ လူတစ်ယောက်က... ငါ မျက်မှန်အသစ်လိုတယ်... လို့ပြောတယ်။ ဒုတိယအဓိပ္ပာယ်ကတော့ ဘားတစ်ခုခုမှာ အရက် သို့မဟုတ် ဘီယာသောက်နေတဲ့ ရှပ်ဘဲတစ်ယောက်က သူ့ဖန်ခွက်ကုန်သွားလို့ ငါ ဖန်ခွက်အသစ်လိုတယ်... လို့ပြောတယ်။ အဲဒီတော့ မျက်မှန်နဲ့ ဖန်ခွက်ဟာ AMBIGUITY ဖြစ်တယ်။ နောက် နမူနာတစ်ခု...။

ဝက်ဝံ/ဝက်ဝန်

မြန်မာဘာသာစကားရဲ့ သတ်ပုံသဘာဝကို ပြနေပါတယ်။ ပထမ ဝံက... ဝက်ဝံဆိုတဲ့ သားရဲတိရစ္ဆာန် BEAR ကို ပြောတာ။ ဒုတိယဝန်မှာ အသံထွက်တူတယ်။ အရေးမတူပါ။ ဝနသတ် ဝန်ကို ဝန်ကြီးလို့ယူတယ်။ ဝက်တွေကို ထိန်းသိမ်းစောင့်ရှောက် တာဝန်ယူရတဲ့ဝန်ကြီး MINISTRY OF PIGS ။ မြန်မာမင်းများလက်ထက်မှာ မြင်းဝန်ဆိုတာရှိတယ်။ စကားပမာပြောတာပါ။ ဒီမှာ အသံထွက်တူပေမဲ့ အရေးကွဲလို့ အဓိပ္ပာယ်ကွဲသွားတာကို ပြောတာပါပဲ။ အလွန်ပေါ်လွင်ပြီး လူသိများတဲ့ ဥပမာနမူနာတစ်ခု ပြခဲ့ပါမယ်။

"လယ်တီဆရာတော်ဘုရားက သင်္ဘောပေါ်မှာ အမဲသားမစားဖို့ တရားဟောသည်"

ဒီဝါကျမှာ... သင်္ဘောပေါ်မှာ အမဲသားမစားကြနဲ့... ဆိုတော့၊ မော်တော်ကားပေါ်မှာ စားလို့ရတယ်။ မီးရထားပေါ်မှာ စားလို့ရတယ်။ ကုန်း

mgyoe.com SAMPLE BOOK

ပေါ်က ထမင်းဆိုင်မှာ စားလို့ရတယ်လို့ အဓိပ္ပာယ်ထွက်နေတယ်။ ဒါဟာ ဝါကျဖွဲ့ထုံး SYNTAX ကြောင့်ဖြစ်ရတာ။ စကားလုံးအထားအသို WORD ORDER ကြောင့်ဖြစ်ရတာ။ (သင်္ဘောပေါ်မှာ) ဆိုတဲ့ နေရာပြ ပုဒ်ကို (တရားဟောသည်) ဆိုတဲ့ ကြိယာရဲ့ရှေ့က ကပ်ထားရင် အဓိပ္ပာယ် နှစ်ခွ မထွက်တော့ဘူးဆိုတာကို တွေ့ရပါလိမ့်မယ်။

AMBIGUITY ဟာ စာသားရှင်းလင်းမှု၊ အဓိပ္ပာယ်ရှင်းလင်းမှုကို အနှောင့်အယှက်ပေးတဲ့ ဒေါသတစ်ခု၊ အပြစ်တစ်ခု၊ (FAULT)လို့ ယူဆရင် လည်း ရပါတယ်။ မြန်မာအလင်္ကာစကားအရ ဒေါသလို့ ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ တစ်ဖက်ကကြည့်ရင် ကဗျာဝတ္ထု စတဲ့ အနုပညာတွေမှာ၊ စာပေစာ သားတွေမှာ တမင်အဓိပ္ပာယ်နှစ်ခွထွက်တဲ့ စကားလုံးတွေ သုံးတတ်ကြတယ်။ တမင်သုံးလိုက်တော့ ပိုလေးနက်လာတဲ့အခါတွေရှိတယ်။ ပိုပြီး အဓိပ္ပာယ် ပေါ်လွင် သိပ်သည်းလာတာတွေ ရှိတယ်။ ပိုပြီး ထိမိလာတာတွေ ရှိတယ်။ အဲဒီလို စာပေစာသား၊ အထူးသဖြင့် ကဗျာစာသားမှာ တွေ့ရတဲ့ နှစ်ခွထွက် စကားတွေဟာ မြန်မာအလင်္ကာ စကားအရပြောရရင် ဂုဏ်တွေဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာ အဓိပ္ပာယ်နှစ်ခွထွက်ဂုဏ်/ဒေါသလို့ နှစ်ခွပြန်ဆိုထားပါ တယ်။

ASSOCIATIVE MEANING/တွဲဖက်အနက်

စကားလုံးတစ်လုံးမှာရှိတဲ့ မူလအနက်အဓိပ္ပာယ်ထက်ပိုတဲ့ အနက် အဓိပ္ပာယ် (သို့မဟုတ်) မူလအနက်အဓိပ္ပာယ်ကို တွဲဖက်ထားတဲ့ နောက်ထပ် အဓိပ္ပာယ်လို့ နားလည်အပ်ပါတယ်။ ပညာရှင်တစ်ဦးကတော့ တွဲဖက်အနက် သဘောကို ဂယက်အနက်လို့ သုံးဖူးတယ်။ (ဆရာဇော်ဂျီ) တကယ်တော့... AFFECTIVE MEANING, EMOTIVE MEANING, CONNOTATION... ဆိုတာတွေနဲ့ သဘောချင်းတူပါတယ်။ အဓိပ္ပာယ် တွေက မတိမ်းမယိမ်း မကွဲမပြားတွေပဲလို့ ပြောနိုင်တယ်။ မူလ အနက်ရင်း က ဆင့်ပွားဖြာထွက်လာတဲ့ အခြားသော အဓိပ္ပာယ်တွေပါပဲ။ အဲဒီတွဲဖက် အနက်တွေဟာ မိမိရဲ့အတွေ့အကြုံ အတွေးအခေါ် ယုံကြည်သက်ဝင်မှု စတာတွေ အကြောင်းခံပြီး မိမိဘာသာ တည်ဆောက်ယူတယ်ဆိုတဲ့ အယူ

mgyoe.com

mgyoe.com SAMPLE BOOK

အဆဟာ ဒီနေ့ခေတ်စားနေတဲ့ အယူအဆပါပဲ။ ကြော်ငြာတို့၊ ကုန်ပစ္စည်း အမှတ်တံဆိပ်တို့၊ လုပ်ငန်းအမည်တို့ စတာတွေမှာ... တွဲဖက်အနက်တွေကို သုံးတတ်ကြတယ်။ ပမာအားဖြင့် ဆေးကုခန်းတစ်ခုရဲ့နာမည်ကို "ဇီဝက" လို့ ပေးတယ်။ ဘုရားရှင်လက်ထက်က သမားတော်ကြီးရဲ့နာမည်နဲ့ တွဲဖက်တဲ့သဘောပဲ။ "အာရောဂျ" ဆိုတဲ့နာမည်၊ "မာစေ" ဆိုတဲ့ နာမည်တွေဟာ ဆေးကုခန်းတွေမှာ မှည့်ခေါ်တာများတဲ့ နာမည်တွေပါပဲ။ နိုင်ငံရေးနဲ့ ဝါဒဖြန့်ချိရေးကိစ္စတွေမှာ "ဆိုရှယ်လစ်လောကနိဗ္ဗာန်" "အရင်းရှင်နယ်ချဲ့စနစ်" "ပစ္စည်းမဲ့တော်လှန်ရေး" ဆိုတဲ့ စကားလုံးတွေဟာ အသီးသီး ရှိရင်းစွဲအဓိပ္ပာယ်တွေနဲ့အတူ လိုလားခြင်း၊ မလိုလားခြင်းတွေကို ဖြစ်စေတဲ့ တွဲဖက်အနက်တွေ ပါလာတယ်ဆိုတာ ဆင်ခြင်ကြည့်နိုင်ပါတယ်။

ANTAGONIST/လူကြမ်း

သာမန်အဘိဓာန်အနက်ကတော့ ရန်လိုတဲ့သူ၊ ရန်သူလို့ ရပါတယ်။ စာပေအနုပညာ (ဝတ္ထု၊ ပြဇာတ်) တွေမှာတော့ အဓိက ဇာတ်ဆောင်ရဲ့ တိုက်ရိုက်ဆန့်ကျင်ဘက်၊ တိုက်ရိုက်ပြိုင်ဘက် ဇာတ်ဆောင်ကို ခေါ်ပါတယ်။ အလွယ်တကူ နားလည်နိုင်တဲ့ ဝေါဟာရကတော့ လူကြမ်းပါပဲ။ မြန်မာဝတ္ထုတွေ၊ ရုပ်ရှင်တွေမှာ နမူနာပြစရာတွေ များပါတယ်။ ဇာတ်လိုက် (ဝါ) အဓိကဇာတ်ဆောင်ကို ဒုက္ခပေးတယ်။ အမျိုးမျိုး အကောက်ကြံတယ်။ ချောက်တွန်းတယ်။ ပျက်စီးရာပျက်စီးကြောင်း လုပ်တယ်။ လုပ်ကြံသတ်ဖြတ်တယ်။ ဇာတ်လိုက်အပေါ်မှာ မကောင်းတာမှန်သမျှ အကုန်လုပ်တဲ့ ဇာတ်ဆောင်ပါပဲ။ အများမုန်းတီးခံရတဲ့ ဇာတ်ဆောင်လို့လည်း ပြောလို့ရပါတယ်။

ANTI-HERO/ပဋိဇာတ်လိုက်

ANTIHERO လို့ တစ်ဆက်တည်းလည်း ရေးတာရှိတယ်။ အတူတူပါပဲ။ ဝတ္ထုတစ်ပုဒ်မှာ အဓိကဇာတ်ဆောင်ဆိုတာ ရှိတယ်။ သူ အရေးအကြီးဆုံးပဲ။ သူ မပါရင် မဖြစ်ဘူး။ အဓိကဇာတ်ဆောင် MAIN CHARACTER လို့ခေါ်တယ်။ ဒီမှာ ဇာတ်ဆောင် (ဇာတ်ကောင်) ဆိုတဲ့ စကားရှိတယ်။ (ဇာတ်လိုက်) ဆိုတာလည်း ရှိသေးတယ်။ HERO ဆိုတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

စကားက သူ့ရဲကောင်းလို့ သာမန်နားလည်ကြတယ်။ ဝတ္ထုမှာ HERO ဆိုတာ ဇာတ်ဆောင် CHARACTER ပါပဲ။ ဒါပေမဲ့ သူက ဘာထူးခြားသလဲဆိုတာ လူတစ်ယောက်မှာရှိတဲ့၊ ရှိသင့်တဲ့ အရည်အချင်းတွေမှာ အကောင်းဆုံးဆိုတာချည်းပဲ သူ့မှာရှိတယ်။ ဆိုပါတော့ ရုပ်ချောတယ်၊ သဘောကောင်းတယ်၊ ပစ္စည်းဥစ္စာ သိပ်ကြွယ်ဝတယ်။ အားကစားဘက်မှာ ထူးချွန်တယ်၊ ဂီတပညာမှာလည်း ထူးချွန်တယ်၊ ကရာတေးတွေ၊ ဝူရှူးတွေလည်း တတ်တယ်၊ ပညာကလည်း သိပ်ထူးချွန်တယ်... အဲဒီလို အကောင်းတွေ စုနေတဲ့သဘောဟာ HERO ရဲ့သဘောပဲ။ အဲဒီ HERO ကို ဇာတ်လိုက်လို့ သတ်မှတ်ခေါ်ဝေါ်ချင်ပါတယ်။ အခုပြောမယ့် ANTI-HERO က... အဲဒါတွေအားလုံးရဲ့ ပြောင်းပြန်၊ အဲဒီအရည်အချင်းတွေအားလုံးရဲ့ ပြောင်းပြန်ပဲ။ ဆိုပါတော့ အရုပ်ဆိုးတယ်၊ လူတော်မတိုးဘူး၊ ပညာမတတ်ဘူး၊ အများအလယ်မှာ လှောင်ပြောင်စရာ သတ္တဝါလို၊ သနားစရာ သတ္တဝါလို၊ ဘာမှ စာဖွဲ့လောက်တဲ့သူ မဟုတ်ဘူး။ ဒါပေမဲ့... စာဖတ်သူက နှစ်သက်သဘောကျတယ်။ စာဖတ်သူက ဒီဝတ္ထုထဲမှာ သူ့ကိုသနားပြီး ကရုဏာသက်နေတယ်။ အဲဒီလို ဇာတ်လိုက် "ပဋိဇာတ်လိုက်" လို့ပဲ ပြန်ဆိုထားပါတယ်။ ဆရာကြီး မောင်ထင်ရဲ့ "ငဘ" ဟာ ပဋိဇာတ်လိုက် ဟုတ်မဟုတ် စဉ်းစားသင့်ပါတယ်။

ANTI-INTENTIONALIST APPROACH / ရည်ရွယ်ချက်ဆန့်ကျင်ရေး ဝေဖန်ရေးနည်း

ခေတ်သစ်မော်ဒန်စာပေဝေဖန်ရေးမှာ အရေးပါတဲ့၊ အခေါ်အပြောများတဲ့ ဝေဖန်ရေးတစ်မျိုး (ဝါ) ဝေဖန်နည်းတစ်နည်းပါပဲ။ Approach ကို ဘာသာပြန်ရာမှာ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းဆိုတဲ့သဘောကို ယူပြီး နည်းလို့ပဲ ပြန်လိုက်တယ်။ Anti ဆိုတာတော့ အသိများတဲ့ စကားလုံးအတိုင်း ဆန့်ကျင်လို့ ပြန်ပါတယ်။ ရှင်းဖို့လိုမှာကတော့ Intentionalist ပါပဲ။ Intention ကို အဓိကထားတဲ့ Intention ကို အလေးပေးတဲ့သဘောကို Intentionalist အဲဒီသဘောကို ဆန့်ကျင်တာ Anti-Intentionalist ကို နားလည်အပ်ပါတယ်။ Intention တစ်လုံးတည်းကိုပဲ အတော်ပြောရပါ

mgyoe.com

mgyoe.com SAMPLE BOOK

မယ်။ နောက်ကျရင် ပြောပါ့မယ်။ အခုတော့ ဒီဝေါဟာရကိုပဲ ပြောပါမယ်။

စာတစ်ပုဒ် (ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ် စသည်) ၏ အဓိပ္ပာယ်ကို ထိုစာ၏ စာသားအတွင်းမှသာ ရနိုင်သည်။ (ဝါ) စာသားပင်ကိုထည် Text Itself မှသာ ရနိုင်သည်။ စာသား၏ ပြင်ပမှဖြစ်သော (ဝါ) စာသားမဟုတ်သော စာရေးဆရာ၏ ရည်ရွယ်ချက်မှ မရနိုင်။ စာ၏အဓိပ္ပာယ်ကို စာသားအတွင်းမှသာ ရနိုင်သည်။ အပြင်မှာ ရှာဖွေ၍မရဟု အချုပ်ဆိုနိုင်ပါသည်။ စာရေးဆရာ၏ ရည်ရွယ်ချက်ဆိုသည်မှာ ပြောရခက်သောကိစ္စဖြစ်သည်။ စာရေးသူထားရှိသော ရည်ရွယ်ချက်ကို စာဖတ်သူများက ဘဝင်ကျကျ သိရှိနားလည်လက်ခံသည်ထားပါဦး။ သူ တကယ်ရေးသောစာက အဓိပ္ပာယ်ပြည့်ဝမှ၊ ကောင်းမွန်မှ စာပေအရာဝင်ပေလိမ့်မည်။ စာရေးဆရာက လောကကြီးအတွက် အကောင်းဆုံး စေတနာထား၍ ရေးမည်ဟု သူ့ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြသည့်တိုင်အောင် သူ ရေးသောစာက ကောင်းပါမှ၊ သူ့စာက ညံ့နေလျှင် သူမည်သို့ ရည်ရွယ်စေကာမူလည်း စာကို ကောင်းသည်ဟု ပြော၍မရနိုင်။ အလွယ်ဆုံးပြောရလျှင် စာတကယ်ကောင်းမှ ကောင်းသည်ဟု ပြောနိုင်လိမ့်မည်။ ရည်ရွယ်ချက် ကောင်းကာမျှဖြင့် စာကောင်းသည်ဟု အာမခံချက် မပေးနိုင်။ ထို့ကြောင့် ရည်ရွယ်ချက်ဆိုသောအရာကို စာကောင်း၊ မကောင်း အကဲခတ်သော ဝေဖန်ရေးကိစ္စတွင် ထည့်သွင်းစဉ်းစားဖို့ မလိုအပ်... ဟူသော အယူအဆသည် Anti-Intentionalist Approach ၏ မဏ္ဍိုင် အယူအဆ ဖြစ်တော့သည်။

ACCEPTABILITY/လက်ခံနိုင်မှု

အနိမ့်ဆုံးအဆင့် ပြောရရင် စာသားတစ်ခု သို့မဟုတ် နှုတ်ပြောစကားတစ်ခုဟာ သူ့ဘာသာစကား စည်းကမ်းတွေနှင့်အညီ ရေးသားထားပြီး လိုအပ်တဲ့အဓိပ္ပာယ်ကို ဆောင်နေတယ်ဆိုရင် လက်ခံနိုင်မှု ရှိတယ်လို့ ဖွင့်ဆိုရပါတယ်။ သဘောအချုပ်ကို လွယ်အောင် ထပ်ပြောရရင် စာတစ်ပုဒ်၊ စကားတစ်ခွန်းကို သဒ္ဒါနည်းကျ ရေးသားပြောဆိုထားလို့ လိုအပ်တဲ့ အဓိပ္ပာယ်ရရင်... လက်ခံနိုင်တယ်၊ လက်ခံနိုင်မှုရှိတယ်ဆိုတာပါပဲ။ အဲဒီတော့ လက်ခံနိုင်မှု Acceptability ဆိုတာ သဒ္ဒါနည်းကျမှု Gramma-

mgyoe.com

mgyye.com SAMPLE BOOK

ticality နဲ့ ဆက်စပ်နေတယ်လို့ ပြောရပါမယ်။ သာမန်အားဖြင့်တော့ အဲဒီလို နားလည်အပ်ပါတယ်။ ဒါပေမဲ့ ဒီအဆိုဟာလည်း အခါခပ်သိမ်း မမှန်သေးဘူး။ ဆိုလိုတာက မမှားပေမဲ့ အမြဲမမှန်ဘူး။

တစ်ခါတစ်ရံမှာ အဓိပ္ပာယ်လွဲနေတဲ့၊ သဒ္ဒါနည်းမကျတဲ့ အပြောသို့မဟုတ် အရေးတွေဟာ လက်ခံနိုင်စရာ ဖြစ်နေတတ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ သဒ္ဒါနည်းမကျပေမဲ့ လိုအပ်တဲ့ အဓိပ္ပာယ်ကို ဖတ်သူ/နားထောင်သူက ရလိုက်လို့ပဲ။ စကားပမာ...

ပေးပါ ချမ်းသောရေတစ်ခွက် ကျွန်ုပ်ထံ
ဤဘဲဥကို ဖွင့်လှစ်လိုက်ပါ။

ရေအေးအေးတစ်ခွက်တောင်းတာ၊ ဘဲဥအခွံခွာခိုင်းတာပါပဲ။ နိုင်ငံခြားသားတစ်ယောက်က ပြောတယ်ဆိုရင် သဘောပေါက်နိုင်တယ်။ အဓိပ္ပာယ်ရတယ်။

ခွေး ခွေး မင်း ငါ ခွေး ခွေး မင်း ငါ...

ပြောတဲ့သူက သိပ်စိတ်ဆိုးနေတယ်။ ဝါကျကို ပြီးအောင် မပြောနိုင်ဘူး။ မင်းဟာ ခွေးလိုမိုက်တဲ့ကောင်ပဲ၊ မင်းကို ငါ သတ်ချင့်တယ်၊ ရိုက်ချင်တယ် စသည့် အဓိပ္ပာယ်တွေ ဖြစ်ပေါ်နိုင်တယ်။

စာပေဘာသာစကား၊ ကဗျာဘာသာစကားတွေမှာ "စံသွေမှု Deviation" တွေရှိတယ်။ သဒ္ဒါစည်းကို ချိုးဖျက်တာတွေ၊ သဒ္ဒါကို လှန်ပစ်လိုက်တာတွေ ရှိတယ်။ နောက်ပိုင်းပေါ်တဲ့ မော်ဒန်ဝတ္ထုစာသား၊ ကဗျာစာသားတွေမှာ တွေ့ရတတ်တယ်။ ဒါကြောင့် လက်ခံနိုင်မှုဟာ သဒ္ဒါနည်းကျမှုနဲ့ ဆက်နေပေမဲ့ တစ်ခါတစ်ရံမှာ သဒ္ဒါနည်းမကျပေမဲ့ လက်ခံနိုင်တာတွေ ရှိတတ်တယ်လို့ ပြောရပါမယ်။

•

ARGOT/ရှေးခေတ်ဗန်းစကား

Argot ဆိုတာ ပြင်သစ်စကားပါပဲ။ ရင်းမြစ်ကိုတော့ ဂဃနဏ မသိရဘူး။ သဘောအချုပ်ကတော့ ဗန်းစကားပါပဲ။ ရှေးခေတ်လို့ ထည့်ပြောရတာက အခုခေတ်အသုံးတွင်နေတဲ့ ဗန်းစကားတွေရှိလို့ ခွဲခြားပြောရတာပါ။ ဆိုပါတော့ ဟိုအလွန်ရှေးက 'မိယာ' ဆိုတဲ့ စကားက ဆက်လာတယ်လို့